# ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်
# အရေးပေါ်အစည်းအဝေး(၂/၂၀၁၉)(ပထမနေ့)မှတ်တမ်း
# ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း (၁၄) ရက်
# (၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)
# (တနင်္လာနေ့)

မွန်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၉)(ပထမနေ့)ကို နံနက်(၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

**အချိန်။ ၁၀:၀၀။**

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ယခု အချိန်ကစပြီး ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၉)(ပထမနေ့)ကို စတင်ပါတော့မယ်။ အစည်းအဝေး အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ထံသို့ ဖြန့်ဝေထားပြီးဖြစ်တဲ့အတိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အစည်းအဝေးမှာ အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ်လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဂျွန်မဒေါ်ဆွေဆွေထွန်းက ဆောင်ရွက်သွားမှာဖြစ်ပြီး၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာက ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အစီအစဉ်(၁)အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်းဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပြီဖြစ်ပါတယ်။ (လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ပါပြီရှင်။

## အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်(၂)အရ မွန်ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ယနေ့ အစည်းအဝေးသို့ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း(၃၁)ဦး တက်ရောက်ခွင့်ရှိသည့်အနက် ကိုယ်စားလှယ်(၂၉)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ဦးရေစုစုပေါင်းရဲ့ (၉၃.၅၅)ရာခိုင်နှုန်း တက်ရောက်တဲ့အတွက် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၉) (ပထမနေ့) အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာအပ်ပါတယ်ရှင်။

အစည်းအဝေးကို ဖြန့်ဝေထားတဲ့အစီအစဉ်အတိုင်း ကျင်းပသွားမှာ ဖြစ်ပါတယ်။

## ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**အခမ်းအနားမှူး။** အစီအစဉ်(၃)အရ ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်သော ကိုယ်စားလှယ်များရှိပါက ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ၂၀၁၉ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ တင်ပြပေးရန်ဖြစ်ပါတယ်။

**ဦးချစ်တင်(ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ)။** လေးစားအပ်ပါသော မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်ကတော့ မွန်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးချစ်တင် ဖြစ်ပါတယ်။ မွန်ပြည်နယ်လွှတ်တော်၊ ဘီးလင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်နိုင်ဦးသည် ကျန်းမာရေးမကောင်းပါကြောင်းနှင့် ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်မွန်သည် နေမကောင်းပါသဖြင့် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၂/၂၀၁၉)သို့ တက်ရောက်နိုင်ခြင်းမရှိပါကြောင်း မွန်ပြည်နယ်လွှတ်တော်သို့ ခွင့်ပန်ကြားထားမှုအခြေအနေအား တင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ရှိရင်းကိုယ်စားလှယ်(၃၁)ဦး၊ ခွင့်ပန်ကြားသူ(၂)ဦး၊ အစည်းအဝေးတက်ရောက်သူ(၂၉)ဦးဖြစ်ကြောင်း ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ တင်ပြလာပါတယ်။ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်အတည်ပြုရန်အတွက် သဘောတူပါသလားရှင်ဟု (၃)ကြိမ်မေးမြန်းရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၉) (ပထမနေ့) အစည်းအဝေး တက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာအပ်ပါတယ်ရှင်။

**အချိန်။ ၁၀:၀၄။**

## မွန်ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်မှ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် အဆိုပြုအမည်စာရင်း ပေးပို့လာခြင်းအား လွှတ်တော်သို့တင်ပြခြင်း

**အခမ်းအနားမှူး။** အစီအစဉ်(၄)အရ မွန်ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်မှ ပေးပို့လာသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (ခ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ခ)တို့အရ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန၊ ဝန်ကြီးအဖြစ် အဆိုပြုအမည်စာရင်းအား လွှတ်တော်သို့ တင်သွင်းခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ မွန်ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်မှ (၉.၇.၂၀၁၉)ရက်စွဲပါစာအမှတ်၊ ၂၀၀/၁–၁၈/အဖရ(မွန်)(၂၃၉၅)ဖြင့် မွန်ပြည်နယ်အစိုးရအဖွဲ့တွင် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနတစ်ခုကို နိုင်ငံတော်သမ္မတရုံး၏ (၂.၇.၂၀၁၉)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၈၅/၂၀၁၉)အရ တိုးချဲ့ဖွဲ့စည်းပြီး ဖြစ်ပါတယ်။

အဆိုပါ ဝန်ကြီးဌာနတွင် ပြည်နယ်ဝန်ကြီးအဖြစ် တာဝန်ပေးခန့်ထားနိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (ခ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ခ)တို့အရ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန၊ ဝန်ကြီးအဖြစ် ဦးထွန်းမင်းအောင်အား ခန့်အပ်တာဝန်ပေးအပ်ရန်အတွက် ပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုပြု အမည်စာရင်းတင်သွင်းထားကြောင်း ပြည်နယ်လွှတ်တော်နည်းဥပဒေ အပိုဒ် ၅၁ (က) အရ ကြေညာခြင်း ဖြစ်ပါတယ်။ အမည်စာရင်းတင်သွင်းခြင်းနှင့်ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၅၂ အရ လွှတ်တော်၏ သဘောတူညီချက် ရယူသွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန်အတွက် ပြည်နယ်ဝန်ကြီးချုပ်မှ အဆိုပြုထားသည့် ဦးထွန်းမင်းအောင်၏ ကိုယ်ရေးအချက်အလက်အကျဉ်းအား လွှတ်တော်ရုံးအဖွဲ့မှ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ဝန်ကြီးချုပ်တင်သွင်းသော အမည်စာရင်းမှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဖြစ်နေပါသည်။ ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မ ၁၂၁ ပါ ပြဋ္ဌာန်းချက်နှင့်ကိုက်ညီသည်ဖြစ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ ပါ အရည်အချင်းသတ်မှတ်ချက်ရှိခြင်း၊ အသက်(၃၅)နှစ် ပြည့်ပြီးသူဖြစ်ခြင်းတို့ကြောင့် အတည်ပြုခြင်းကို ယနေ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယနေ့ အတည်ပြုဆောင်ရွက်သွားမှာကို သဘောတူပါသလားရှင်**...............(၃)ကြိမ်**

**ကိုယ်စားလှယ်များ။ သဘောတူပါတယ်**..........(၃)**ကြိမ်**

**ဥက္ကဋ္ဌ။** ယနေ့ အတည်ပြုဆောင်ရွက်မှာကို လွှတ်တော်က သဘောတူသည့်အတွက် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန၊ ဝန်ကြီးအဖြစ် ဦးထွန်းမင်းအောင်အား အမည်စာရင်းတင်သွင်းခြင်းနှင့်စပ်လျဉ်းပြီး လွှတ်တော်မှ သဘောတူပါသလားရှင်............... **(၃)ကြိမ်**

**ကိုယ်စားလှယ်များ။ သဘောတူပါတယ်**..........(၃)**ကြိမ်**

**ဥက္ကဋ္ဌ။** သဘောတူသည့်အတွက် ၂၀၁၉ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၅၂ အရ ဦးထွန်းမင်းအောင်အား ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား

အရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာအပ်ပါသည်။

**အချိန်။ ၁၀:၁၀။**

## ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၉)(ပထမနေ့) အစည်းအဝေးရပ်နားကြောင်းနှင့် (ဒုတိယနေ့)ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန် ကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်(၅)အရ ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး(၂/၂၀၁၉)(ပထမနေ့) အစည်းအဝေးရပ်နားကြောင်းနှင့် (ဒုတိယနေ့) ဆက်လက် ကျင်းပမည့်နေ့ရက်နှင့်အချိန် ကြေညာခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့ ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၂/၂၀၁၉) အစည်းအဝေး(ပထမနေ့)သို့ ဖိတ်ကြား၍တက်ရောက်သူ(၉)ဦး၊ လေ့လာသူ(၉)ဦး တက်ရောက်ခဲ့ပါတယ်။ ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၂/၂၀၁၉)(ပထမနေ့) ယနေ့ အစည်းအဝေးရပ်နားကြောင်းနှင့် ဒုတိယအကြိမ် မွန်ပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၉)(ဒုတိယနေ့)ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၈)ရက်၊ ကြာသပတေးနေ့၊ နံနက်(၁၀:၀၀)နာရီအချိန်တွင် ကျင်းပသွားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာမှာ ဖြစ်ပါတယ်။ (ကိုယ်စားလှယ်များအားလုံး မတ်တပ်ရပ်ပေးကြပါရန် ပန်ကြားအပ်ပါတယ်။)အားလုံးထွက်ခွာနိုင်ပါပြီ။

××××××××××××××××××××××××××××××××××××××××××××××××××××××××

## ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်
## အရေးပေါ်အစည်းအဝေး(၂/၂၀၁၉)(ဒုတိယနေ့)မှတ်တမ်း
## ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၂) ရက်
## (၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)
## (ကြာသပတေးနေ့)

မွန်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး (၂/၂၀၁၉)(ဒုတိယနေ့)ကို နံနက်(၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

**အချိန်။ ၁၀:၀၀။**

### ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ယခု အချိန်ကစပြီး ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၉)(ဒုတိယနေ့)ကို စတင်ပါတော့မယ်။ အစည်းအဝေးအစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံသို့ ဖြန့်ဝေထားပြီးဖြစ်တဲ့အတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အစည်းအဝေးမှာ အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ်လွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူး ကျွန်တော် ဦးကျော်ဇေယျက ဆောင်ရွက်သွားမှာဖြစ်ပြီး၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးတင့်က ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အစီအစဉ်(၁)အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်းဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပြီဖြစ်ပါတယ်။ (လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ပါပြီရှင်။

### အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်(၂)အရ မွန်ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ယနေ့ အစည်းအဝေးသို့ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း(၃၁)ဦး တက်ရောက်ခွင့်ရှိသည့်အနက် ကိုယ်စားလှယ်(၂၉)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ဦးရေစုစုပေါင်းရဲ့ (၉၃.၅၅)ရာခိုင်နှုန်း တက်ရောက်တဲ့အတွက် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၉)(ဒုတိယနေ့) အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာအပ်ပါတယ်ရှင်။

အစည်းအဝေးကို ဖြန့်ဝေထားတဲ့အစီအစဉ်အတိုင်း ကျင်းပသွားမှာ ဖြစ်ပါတယ်။

## ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**အခမ်းအနားမှူး။** အစီအစဉ်(၃)အရ ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်သော ကိုယ်စားလှယ်များရှိပါက ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ၂၀၁၉ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ တင်ပြပေးရန်ဖြစ်ပါတယ်။

**ဦးချစ်တင်(ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ)။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ၊ ကျွန်တော်ကတော့ မွန်ပြည်နယ်လွှတ်တော်၊ ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးချစ်တင် ဖြစ်ပါတယ်။ မွန်ပြည်နယ်လွှတ်တော် ဘီးလင်းမြို့နယ်၊ မဲဆန္ဒနယ်မြေအမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်နိုင်ဦးသည် ကျန်းမာရေးမကောင်းပါကြောင်းနှင့် ဘီးလင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းဦးသည် ကျန်းမာရေးမကောင်းပါသဖြင့် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး(၂/၂၀၁၉)(ဒုတိယနေ့) တက်ရောက်နိုင်ခြင်း မရှိပါကြောင်း မွန်ပြည်နယ်လွှတ်တော်သို့ ခွင့်ပန်ကြားထားမှု အခြေအနေအား တင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ရှိရင်းကိုယ်စားလှယ်(၃၁)ဦး၊ ခွင့်ပန်ကြားသူ(၂)ဦး၊ အစည်းအဝေးတက်ရောက်သူ(၂၉)ဦးဖြစ်ကြောင်း ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ တင်ပြလာပါတယ်။ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်အတည်ပြုရန်အတွက် သဘောတူပါသလားရှင်ဟု (၃)ကြိမ်မေးမြန်းရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၉)(ဒုတိယနေ့) အစည်းအဝေး တက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာအပ်ပါတယ်ရှင်။

**အချိန်။ ၁၀:၀၃။**

## မွန်ပြည်နယ်အစိုးရအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရရှိပြီးဖြစ်သော ဦးထွန်းမင်းအောင်မှ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အခမ်းအနားမှူး။** အစီအစဉ်(၄)အရ မွန်ပြည်နယ်အစိုးရအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရရှိပြီးဖြစ်သော ဦးထွန်းမင်းအောင်မှ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ နိုင်ငံတော်သမ္မတရုံး၏ (၁၅.၇.၂၀၁၉) ရက်စွဲပါ အမိန့်အမှတ်(၃၀/၂၀၁၉)ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့၏ (၁၇.၇.၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၂၀၀/၁-၁၈/အဖရ(မွန်)(၀၀၂၆) ဖြင့်လည်းကောင်း ဦးထွန်းမင်းအောင်ကို မွန်ပြည်နယ်အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး အဖြစ် ခန့်အပ်တာဝန်ပေးပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ အပိုဒ် ၆၀၊ အပိုဒ် ၆၁ တို့အရ ပြည်နယ်ဝန်ကြီးမှ ကတိသစ္စာပြုရန် ဖြစ်ပါတယ်။ ကတိသစ္စာ ပြုမှာဖြစ်တဲ့အတွက် ပြည်နယ်ဝန်ကြီး ဦးထွန်းမင်းအောင်မှ နေရာယူပေးရန် ဖြစ်ပါတယ်ရှင်။

မွန်ပြည်နယ်အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး ကတိသစ္စာပြုနေချိန်မှာ တက်ရောက်လာသူအားလုံးမှ မတ်တပ်ရပ်ပေးဖို့ ဖြစ်ပါတယ်။

မိမိတိုင်ပေးတဲ့နေရာမှာ ဝန်ကြီးက ကျွန်ုပ်၏နောက်တွင် မိမိ၏နာမည်ကို လိုက်ဆိုရန် ဖြစ်ပါတယ်။

**ဦးထွန်းမင်းအောင်(လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး)။** "ကျွန်ုပ် ဦးထွန်းမင်းအောင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲ ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝရ ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။

ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်း စောင့်ရှောက်ပါမည်။ ကျွန်ုပ် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ထမ်းဆောင်ရွက်ပါမည်ဟု လေးနက် တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ။** ကတိသစ္စာပြုလွှာပေါ်မှာ လက်မှတ်ရေးထိုးရန် ဖြစ်ပါတယ်။ အားလုံး ထိုင်နိုင်ပါပြီး။ (လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးမှ ကတိသစ္စာပြုလွှာ ပေါ်တွင် လက်မှတ်ရေးထိုးပါသည်။)

**အချိန်။ ၁၀:၀၆။**

## ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၉) အောင်မြင်စွာပြီးမြောက်ကြောင်းကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်(၅)အရ ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး(၂/၂၀၁၉) အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ ယနေ့ ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၉)(ဒုတိယနေ့)သို့ ဖိတ်ကြား၍ တက်ရောက်သူ(၇)ဦး၊ လှေ့လာသူ(၂၀)ဦး တက်ရောက်ခဲ့ပါသည်။ ဒုတိယအကြိမ်

မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၉) ယနေ့ အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာအပ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာမှာ ဖြစ်ပါတယ်။ (ကိုယ်စားလှယ်များအားလုံး မတ်တပ်ရပ်ပေးကြပါရန် ပန်ကြားအပ်ပါတယ်။)အားလုံးထွက်ခွာနိုင်ပါပြီ။

××××××××××××××××××××××××××××××××××××××××××××××××××××××××××

## ဆုံးဖြတ်ချက်များ

**မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက် မှ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့ထိ (ခရစ်သက္ကရာဇ် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် မှ ဇူလိုင်လ ၁၈ ရက်ထိ) မွန်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒုတိယအကြိမ် မွန်ပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၉)တွင် အောက်ပါ ဆုံးဖြတ်ချက်များကို ဆုံးဖြတ်ပါသည် -**

### သဘောတူခြင်း (၁)ရပ်

**သဘောတူခြင်းအမှတ်(၁-အရေးပေါ်-၂/၂၀၁၉)** နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း ဆိုင်ရာ ကိစ္စနှင့်စပ်လျဉ်းပြီး မွန်ပြည်နယ် အစိုးရ အဖွဲ့၊ ဝန်ကြီးချုပ်မှ ပေးပို့လာသော မွန်ပြည်နယ်အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ် ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး အဖြစ် ဦးထွန်းမင်းအောင်အား ခန့်အပ် တာဝန်ပေးခြင်းကို သဘောတူခြင်း။

**မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက် မှ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့အထိ (ခရစ်သက္ကရာဇ် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် မှ ဇူလိုင်လ ၁၈ ရက်အထိ) မွန်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒုတိယအကြိမ် မွန်ပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၉)(ပထမနေ့)၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ တင်ပြသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းဆိုင်ရာ ကိစ္စနှင့်စပ်လျဉ်းပြီး မွန်ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်မှ ပေးပို့လာသော မွန်ပြည်နယ်အစိုးရအဖွဲ့ လူဝင်မှု ကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးအဖြစ် ဦးထွန်းမင်းအောင်အား ခန့်အပ် တာဝန်ပေးခြင်းကို ပြည်နယ်လွှတ်တော်က သဘောတူသည်။**

## မှတ်တမ်းတင်ခြင်း(၂)ရပ်

**မှတ်တမ်းတင်ခြင်းအမှတ်(၁-အရေးပေါ်-၂/၂၀၁၉)** ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၂/၂၀၁၉) (ပထမနေ့)တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။

**မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက် (ခရစ်သက္ကရာဇ် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်) မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒုတိယ အကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၉) (ပထမနေ့)သို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၁)ဦးအနက် (၂၉)ဦး တက်ရောက်ကြောင်းနှင့် တက်ရောက်မှု(၉၃.၅၅%)ဖြစ်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်သည်။**

**မှတ်တမ်းတင်ခြင်းအမှတ်(၂-အရေးပေါ်-၂/၂၀၁၉)** ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၂/၂၀၁၉) (ဒုတိယနေ့)တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။

**မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက် (ခရစ်သက္ကရာဇ် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်) မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒုတိယ အကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၉) (ဒုတိယနေ့)သို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၁)ဦးအနက် (၂၉)ဦး တက်ရောက်ကြောင်းနှင့် တက်ရောက်မှု(၉၃.၅၅%)ဖြစ်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်သည်။**

# ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၂/၂၀၁၉)
# ဆောင်ရွက်ချက်အကျဉ်းချုပ်

| စဉ် | အစည်းအဝေး ကျင်းပသည့်နေ့ | စ တင် ချိန် | ပြီးစီး ချိန် | တက် ရောက် ခွင့်ရှိသူ ဦးရေ | တက် ရောက် သူ ဦးရေ | တက် ရောက် သည့် ရာခိုင် နှုန်း | ဆုံးဖြတ် ချက်များ |
|---|---|---|---|---|---|---|---|
| ၁ | (၁၅.၇.၂၀၁၉) တနင်္လာနေ့ | ၁၀:၀၀ | ၁၀:၁၀ | ၃၁ | ၂၉ | ၉၃.၅၅ | မှတ်တမ်း တင်ခြင်း(၁)ရပ် သဘောတူခြင်း (၁)ရပ် |
| ၂ | (၁၈.၇.၂၀၁၉) ကြာသပတေးနေ့ | ၁၀:၀၀ | ၁၀:၀၆ | ၃၁ | ၂၉ | ၉၃.၅၅ | မှတ်တမ်း တင်ခြင်း(၁)ရပ် |